5.3 Post-storytelling: ပုံပြင်ပြောပြီးနောက် ပုံပြင်ကို အမှန်တကယ်မှတ်မိခြင်း ရှိ၊ မရှိသိရှိရန် ကျောင်းသားများအား ရုပ်ပုံများကို ပြန်စီခိုင်းပါ သို့မဟုတ် ပုံပြင်ပါဝါကျများကို ပြန်စီခိုင်းပါ။ ထို့ပြင် ပုံပြင်တွင်ပါသည့် စကားလုံးများနှင့်ပုံများကို ယှဉ်တွဲစေရန် ဖြစ်ပါသည်။

# 6. Techniques for informal assessment

6.1 Monitoring the class: ကျောင်းသားများကို activity ပေးထားစဉ် အဖွဲ့အတွင်းရှိ ကျောင်းသားများအားလုံးပါဝင်ခြင်း ရှိ၊ မရှိ ဆရာက ကြီးကြပ်ရမည်။ လိုအပ်လျှင်ဆရာက အကူအညီပေးရမည်။ ဥပမာအားဖြင့် အထောက်အကူပြုမေးခွန်းများမေးခြင်း၊ အသံထွက်မှားလျှင်ပြင်ပေးခြင်း၊ ကျောင်းသား၏ လုပ်ဆောင်မှုများလွဲမှားနေလျှင် အကူအညီပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။ ထို့ပြင် activity တွင် မပါဝင်သော ကျောင်းသားများကိုလည်း ပါဝင်လာအောင် လှုံ့ဆော် အားပေးရမည်။ (ဥပမာ - မိမိအဖွဲ့၏ ဆွေးနွေးမှုကို အဖွဲ့၏ကိုယ်စား အတန်းကိုတင်ပြရာတွင် ပါဝင်ကူညီစေခြင်း။)

6.2 Feedback: လေ့ကျင့်ခန်း သို့မဟုတ် activity တစ်ခုပြီးလျှင်သော်လည်းကောင်း၊ သင်ကြားသင်ယူမှုတစ်ရပ် ပြီးလျှင်သော်လည်းကောင်း ကျောင်းသားများကို သုံးသပ်အကြံပြုချက်များပေးရမည်။ ထိုသို့ သုံးသပ်အကြံပြုချက်များပေးရာတွင် ကျောင်းသား၏ အားသာချက်ကို ဦးစားပေးပြောပြီး အရေးကြီးသည့် ပြုပြင်ရန် အချက်များ ရှိပါက ဖြည့်စွက်ပြောပေးရမည်။ မည်သို့ ပြုပြင်လျှင် ပိုကောင်းမည်ဟုလည်း အကြံပြုချက်ပေးရမည်။ ထိုသို့ သုံးသပ်အကြံပြုချက်ပေးရာတွင် ဆရာက ကျောင်းသားကို သို့မဟုတ် ကျောင်းသားအချင်းချင်း ပြောဆိုခွင့်ပေးနိုင်သည်။ ဆရာက မိမိ၏သင်ကြားမှုကို အကဲဖြတ်ရန် ကျောင်းသားများ၏ ထင်မြင်ချက်ကိုလည်း မေးမြန်းနိုင်သည်။ (ဥပမာ - ဒီနေ့သင်ခန်းစာနှင့် ပတ်သက်၍ မည်သို့ထင်မြင်သည် သို့မဟုတ် မည်သို့ခံစားရသည်။)

6.3 How to explain self-assessment: Self-assessment ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ကျောင်းသားများ မိမိကိုယ်ကို ပြန်လည်သုံးသပ်တတ်စေရန် လေ့ကျင့်ပေးခြင်းဖြစ်သည်။ ကျောင်းသားများက ယနေ့သင်ခန်းစာကို မိမိက မည်သည့်အတိုင်းအတာထိ လုပ်ဆောင်နိုင်သည်ကို အကဲဖြတ်ရမည်ဖြစ်သည်။ မိမိက ကောင်းစွာ လုပ်ဆောင်နိုင်လျှင်  icon ကိုရွေး၍ အသင့်အတင့် လုပ်ဆောင်နိုင်လျှင်  icon ကိုရွေးကာ စိတ်ကျေနပ်မှုမရှိလျှင်  iconကို ရွေးချယ်နိုင်ကြောင်း ဆရာက ရှင်းပြပေးရမည်။ ကျောင်းသားများသည် မိမိတို့၏လုပ်ဆောင်နိုင်မှုအတိုင်း icon များကို ရွေးချယ်ရန် ဆရာက ရှင်းပြပေးရမည်။

# 3. Overview of Assessment

The purpose of assessment in grade 2 is for students to learn to monitor their own learning and to receive assessment that will encourage them to continue studying English. Grade 2 assessment is informal and formative. Teachers provide informal assessment at the end of each class in the summary and feedback stage. This means that they either praise learners for their ability to use the language presented in the lesson or give learners advice on how to improve. Formative assessment is used to help learners understand the extent to which they have accomplished class objectives and also to help them improve. Formative assessment is usually done at the end of the review and project-based lessons. Here, students do self-assessment on the extent to which they could perform the tasks in these lessons. The types of formative assessment are shown in the table below.

## Formative Assessment in Grade 2

| Skill | Assessment Description |
|---|---|
| All | Using a simple rubric i.e. a scoring guide used to evaluate the quality of students' constructed responses, students do self-assessment if they could successfully complete classroom tasks. |
| Writing | Students listen to the letter and write it.<br>Students listen to a word or see a picture of it and write it. |